# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ကောင်စီ

## ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

## [၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂]

## ရန်ကုန်မြို့၊ ၁၃၄၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

## (၁၉၈၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် စတုတ္ထ လေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် စတုတ္ထလေးနှစ်စီမံကိန်း (၁၉၈၂-၈၃ မှ ၁၉၈၅-၈၆) ၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက် များဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၃-၈၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

### အခန်း (၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးက အတည်ပြုပေးခဲ့သော စတုတ္ထလေးနှစ် စီမံကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် စတုတ္ထလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၃-၈၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထို ကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊၁၃၄၄ ခုနှစ်၊တပေါင်းလဆန်း ၉ ရက်။
(၁၉၈၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီးတင်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲများဇယား ၁

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏ နောက်ဆက်တွဲဇယား ၂

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏ နောက်ဆက်တွဲဇယား ၃

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ ၏နောက်ဆက်တွဲဇယား ၄

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ၁၉၈၃ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲဇယား ၅

Myanmar Law Information System (MLIS)